# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး

# (၁၂)ရက်မြောက်နေ့ အစီအစဉ်

# [ ၁၂–၆–၂၀၁၇ ] (တနင်္လာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း–

(က) ဦးဝင်းမြင့်အောင်၊ ဒီပဲယင်း မဲဆန္ဒနယ်၏ **စိုင်ပြင်–နှောနတ်နန်း (၁၃) မိုင်အပြင် ခရိုင်ချင်းဆက်လမ်းအထိ ကျောက်ချောလမ်းအဆင့်သို့ မြှင့်တင်ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးသန့်ဇင်ထွန်း၊ ဒက္ခိဏသီရိ မဲဆန္ဒနယ်၏ **ဒက္ခိဏသီရိမြို့နယ်တွင် ကိုင်းပလွေးသစ်တောကြိုးဝိုင်း၊ စိန်တစ်လုံးသရက်ဖုန် စီမံကိန်းအတွက် သိမ်းဆည်းခံမြေများနှင့် ပတ်သက်၍ လုပ်ကိုင်ခွင့်ရ သိမ်းယူခဲ့သည့် ပုဂ္ဂလိကနှင့် ကုမ္ပဏီအဖွဲ့အစည်းများညှိနှိုင်းကာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးရန်၊ အဆိုပါ စီမံကိန်းသည် ဒေသအတွက် အကျိုးပြု၊ မပြု နှင့်ဒေသခံများ အလုပ်အကိုင်**

**အခွင့်အလမ်း ရ၊ မရ တို့ကို စိစစ်၍ လိုအပ်သော အရေးယူဆောင်ရွက်မှုများ ဖြေရှင်းဆောင်ရွက်ပေးရန်နှင့် ဆောင်ရွက်ရန်ကျန်ရှိသော ဧရိယာရှိ မြေများနှင့် သိမ်းဆည်းမခံခဲ့ရသော လယ်ယာမြေများအား ဒေသခံတောင်သူများကို တရားဝင်လယ်ယာမြေလုပ်ပိုင်ခွင့် သို့မဟုတ် သစ်တောဦးစီးဌာန နှင့် အကျိုးတူလုပ်ပိုင်ခွင့်ပြုရန် အစီအစဉ်ရှိ၊ မရှိ** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးကျော်အောင်လွင်၊ စေတုတ္တရာ မဲဆန္ဒနယ်၏ **စေတုတ္တရာမြို့နယ်တွင် ကြီးအုံကြီးဝတမံပိတ်မှုကြောင့် လယ်ယာမြေများမှာ နှစ်စဉ်မိုးကာလတိုင်း တမံရေပြင်ကြီးအောက်နစ်မြုပ်၍ ဒေသခံတောင်သူများ စားဝတ်နေရေး ဒုက္ခရောက်နေမှုအား ဥပဒေနှင့်အညီ နစ်နာကြေး၊ လျော်ကြေး၊ အစားထိုးမြေယာဖော်ဆောင်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးစိုင်းဘသိန်း၊ လင်းခေး မဲဆန္ဒနယ်၏ **လင်းခေးမြို့နယ်၊ မအွန်လောင်းကူးတို့ဆိပ်နှင့် ပုန်းထွန်ကျေးရွာတွင် တိန်းချောင်းကူး တံတားနှစ်စင်း လိုအပ်လျက်ရှိသည့်အတွက် ကူညီဖြေရှင်းပေးနိုင်ပါရန်** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးကျော်တင်၊ ဆော မဲဆန္ဒနယ်၏ **လယ်ယာမြေသစ်များ ဖော်ဆောင်နိုင်ရန် အသေးစား၊ အလတ်စား တာတမံများ၊ ရေလှောင်ကန်များ၊ ဆည်မြောင်းအင်ဂျင်နီယာများနှင့် လိုအပ်မည့် ဘဏ္ဍာငွေကြေးများ ခွင့်ပြုပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးစိန်အောင်၊ ပလက်ဝ မဲဆန္ဒနယ်၏ **ပလက်ဝမြို့နယ်တွင် စိုက်ပျိုးစီးပွားဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဒေသနှင့်ကိုက်ညီသော စိုက်ပျိုးရေးနည်းပညာများ ပံ့ပိုးပေးခြင်း၊ ဈေးကွက်ဝင်သီးနှံများ စိုက်ပျိုး**

**ထုတ်လုပ်နိုင်ရန်အတွက် မတည်ရင်းနှီးငွေများ ထောက်ပံ့ပေးခြင်း သို့မဟုတ် ချေးငွေများ ထုတ်ပေးခြင်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးသောင်းဌေးလင်း၊ ပုသိမ်ကြီး မဲဆန္ဒနယ်၏ **မန္တလေးမြို့အပြင်ဘက်သို့ အိမ်ရာများ တိုးချဲ့ဆောက်လုပ်နေထိုင်မှုကြောင့် ပုသိမ်ကြီးမြို့နယ် အတွင်းရှိ လယ်ယာမြေများ ပျက်စီးဆုံးရှုံးလာခြင်းအပေါ် သက်ဆိုင်ရာမှ အမြန်ဆုံးထိရောက်စွာ အရေးယူဆောင်ရွက်ပြီး ကာကွယ်စောင့်ရှောက် ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဇ) ဦးတင်နု(ခ) ဦးတင်နုအောင်၊ မာန်အောင် မဲဆန္ဒနယ်၏ **မာန်အောင် မြို့နယ်၊ မောင်းမကံကျေးရွာအုပ်စု၊ ကံထောက်ကျေးရွာအနီးရှိ ကံထောက်လျှိုပိတ်ဆည်ကို ယခု ဘဏ္ဍာရေးနှစ်ကာလအတွင်း တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ပြည်သူ့လွှတ်တော်၊ နိုင်ငံတကာဆက်ဆံရေးကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆို တင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက် ရယူခြင်း၊

၇။ ဦးမျိုးဇော်ဦး၊ လယ်ဝေး မဲဆန္ဒနယ်က **"နိုင်ငံတစ်ဝန်း သဘာဝ ဘေးအန္တရာယ် များနှင့် အင်းဆက်ပိုးမွှားများကြောင့် နစ်နာဆုံးရှုံးနေကြသော တောင်သူ လယ်သမားများ၏ အကျိုးစီးပွားအတွက် အာမခံချက်ရှိစေမည့် သီးနှံအာမခံ လုပ်ငန်းများကို ဆောလျင်စွာ အကောင်အထည်ဖော်ဆောင်ပေးရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်းနှင့် လက်ခံ ဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း၊

၈။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၉။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော **“တရားခံလွှဲပြောင်းရေး ဥပဒေကြမ်း”** ကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေး တင်ပြခြင်း၊

၁၀။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၃)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။